ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်မြို့

အမိန့်ကြော်ငြာစာ

အမှတ် ( ၂၆ / ၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၉)ရက်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်

၂၀၁၅ ခုနှစ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေပုဒ်မ ၁၇(ဂ)နှင့် ပုဒ်မ ၁၀၃(ခ) တို့အရ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကို ရည်ရွယ်၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

(က) ကုန်သေတ္တာဖြင့် ကုန်စည်တင်သွင်းသည့် လုပ်ငန်းစဉ်တွင် ကုန်ပိုင်ရှင် (Consignee) သည် Bill of Lading (B/L) တင်ပြနိုင်ပါကကိုယ်စားလှယ်လုပ်ငန်းဌာန (Shipping Agency Department) တွင် Delivery Order (D/O) တိုက်ရိုက်ထုတ်ယူခြင်းကို ၁၁.၁၀.၂၀၁၆ ရက်နေ့မှစတင်၍ ကျင့်သုံးဆောင်ရွက်ရန်။

(ခ) ကုန်သေတ္တာအတွက် ကြန့်ကြာကြေး (Detention Charges) ကို ဆိပ်ကမ်းတံတား (Terminal) နှင့် ကုန်းတွင်းကုန်သေတ္တာစခန်း (Inland Container Deport) တို့တွင် ကုန်သေတ္တာလုပ်ငန်းလုပ်ကိုင်သူ (Box Operator)ကိုယ်စားလှယ်များသည် ၁၁.၁၀.၂၀၁၆ ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ နှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရန် -

(၁) Free Day ပေးမည့်ကာလ - ဆိပ်ကမ်းတံတားတွင် သင်္ဘောပေါ်မှ ကုန်ချလုပ်ငန်းပြီး နောက်ရက်မှစ၍အနည်းဆုံး (၇)ရက် သတ်မှတ်ရန်။ (ကင်းလွတ်ခွင့်ကာလ (၇)ရက် ကျော်လွန်ပါက Bill of Lading (B/L) ပေါ်တွင် ကုန်တင်ပို့သူနှင့် ကုန်တင်သွင်းသူတို့ သဘောတူ သတ်မှတ်ထားသည့် Detention Charges ကင်းလွတ်ခွင့်ကာလအတိုင်း ခွင့်ပြုရန်)

(၂) Free Day ကာလနောက်ပိုင်း Detention Charges ကောက်ခံမှု

- (၁) ရက်မှ (၇)ရက်အထိတစ်ရက်လျှင် - USD 4 for 1 TEU
- (၈) ရက်မှ (၁၄)ရက်အထိတစ်ရက်လျှင် - USD 8 for 1 TEU

- (၁၅) ရက်မှစတင်၍ နောက်ပိုင်းတစ်ရက်လျှင် - USD 12 for 1 TEU

နီအောင်

ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲ)

စာအမှတ်၊ ၂ (က) ၅ / ၈၂၇ / ၂၀၁၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၀ - ရက်

ဖြန့်ဝေခြင်း

- မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MMMDA) } သင်္ဘောလိုင်းများနှင့် Box Operator များအား အသိပေးကြောင်းကြားပါရန်။
- မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) } အသင်းဝင်များအား အသိပေး အကြောင်းကြားပါရန်။
- မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းများအသင်း (MCBA) } အသင်းဝင်များအား အသိပေး အကြောင်းကြားပါရန်။
- မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဥ် များအသင်း (MCTA) } အသင်းဝင်များအား အသိပေး အကြောင်းကြားပါရန်။
- ဆိပ်ကမ်းတံတားများ
- ကုန်းတွင်းကုန်သေတ္တာစခန်း (ICD)များ

မိတ္တူကို - ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

- ဒုတိယအထွေထွေမန်နေဂျာ(ကုန်လုပ်ငန်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
- ဒုတိယအထွေထွေမန်နေဂျာ(ကိုယ်စားလှယ်လုပ်ငန်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
- စာရင်းကိုင်ချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
- မျှောစာတွဲ
- ရုံးလက်ခံ